မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

February 20 , 2025 Volume 87, Number 13

၂၀.၂.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၉၁.၃၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၈.၆၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၄၈.၃၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၃၈.၆၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၁၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၂၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၈၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၃.၇၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၄၀ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ ကြက်သွန်နီများ လှိုင်လှိုင်ထွက်ပေါ်ကာ အရောင်းအဝယ်ဖြစ်နေ



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ကသဲကုန်း၊ သိုတန်၊ ငါးမြွေကုန်း၊ ပင်ချားနှင့် လက်ဝဲရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ကြက်သွန်နီကို ကျောက်ဆည်မြို့နယ်၌ ၈၉၇၅ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ၃၅၁၅ ဧက၊ မြစ်သားမြို့နယ်၌ ၁၅,၅၃၀ ဧက စုစုပေါင်း ဧက ၂၈,၀၂၀ စိုက်ပျိုးထားရှိကြောင်းသိရပြီး ယခုအချိန်တွင် ကြက်သွန်နီများ လှိုင်လှိုင်ထွက်ပေါ်ကာ ဈေးကွက်အတွင်းဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ ကြက်သွန်နီ(ဆောင်း) စိုက်ပျိုးရာတွင် မျိုးစေ့ကိုပျိုးထောင်၍ ပျိုးပင်သက်တမ်းရင့်ချိန်တွင် ဘောင်ခတ်စနစ်ဖြင့် မြေချစိုက်ပျိုးရကြောင်း၊ မျိုးအနေဖြင့် မြစ်သားရွှေဖလားမျိုးမှန်နှင့် ရွှေဖလားထိပ်မောက်မျိုးများကို အများဆုံးစိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ လုပ်သားခအပါအဝင် စုစုပေါင်း ကျပ် ၃၂ သိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ပိဿာချိန် စုစုပေါင်း ၂၄၀၀-၂၅၀၀ ခန့်ထွက်ရှိပြီး မြေဆီလွှာကောင်းမွန်မှုနှင့် ဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်ပြီး အလုံးများသန့်၍ အထွက်နှုန်းပိုမိုကြောင်း၊ ဈေးကွက်အနေဖြင့် ပွဲစားများက စိုက်ခင်းသို့လာရောက်ဝယ်ယူမှုများရှိသည့်အပြင် တောင်သူများကလည်း ကျောက်ဆည်မြို့နှင့်မန္တလေးမြို့ရှိပွဲရုံများသို့ တင်ပို့ရောင်းချပြီး ပွဲရုံများမှတစ်ဆင့် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချကြောင်း ကြက်သွန်နီစိုက် တောင်သူ တစ်ဦးထံမှ သိရသည်။

**Source: ကြေးမုံသတင်းစာ**

https://myantrade.gov.mm/article/naypyitaw_ 20022025_1100

## အောင်လံကုန်စည်ဒိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ဒုတိယပတ်တွင် နှမ်းသီးနှံဈေးနှုန်းဈေးကွက်နှင့် အရောင်းအဝယ်ဖြစ်မှုအခြေအနေ



မကွေးတိုင်းဒေသကြီး၊ အောင်လံကုန်စည်ဒိုင်တွင် မြို့အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများ၊ ပဲခူးတိုင်းအတွင်းရှိ ကျေးရွာများနှင့် သရက်မြို့နယ်အတွင်းရှိ ကျေးရွာများတို့မှထွက်ရှိသည့် နှမ်းသီးနှံများ နေ့စဉ်ဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**နှမ်းနက်(စမုံ)**

အောင်လံကုန်စည်ဒိုင်တွင် နှမ်းနက်(စမုံ) ဈေးနှုန်းဈေးကွက် အနေဖြင့် အရည်အသွေးစံချိန်စံညွှန်း ပြည့်မီသည့် ထိပ်စသီးနှံများကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ပထမပတ်တွင် ၁ တင်းလျှင် ကျပ် ၂၁၁,၅၀၀ မှ ၂၂၀,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဒုတိယပတ်တွင် ၁ တင်းလျှင် ကျပ် ၂၁၃,၀၀၀ မှ ၂၂၁,၅၀၀ ဈေးနှုန်းရှိခဲ့၍ ယခုဒုတိယပတ်တွင် ယခင်ပတ်ထက် ၁ တင်းလျှင် ကျပ် ၁၅၀၀ ဈေးနှုန်းမြင့်တက်ခဲ့သည်။

အရည်အသွေးနိမ့်သည့် (သန့်စင်ရန်လို)သီးနှံများကို ဖေဖော်ဝါရီလ ပထမပတ်တွင် ၁ တင်းလျှင် ကျပ် ၂၀၆,၅၀၀ မှ ၂၁၀,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဒုတိယပတ်တွင် ၁ တင်းလျှင် ကျပ် ၂၀၈,၃၀၀ မှ ၂၁၁,၅၀၀ ဈေးနှုန်းရှိခဲ့၍ ယခုဒုတိယပတ်တွင် ယခင်ပတ်ထက် ၁ တင်းလျှင် ကျပ် ၁၅၀၀ မှ ၁၈၀၀ ထိ ဈေးနှုန်းမြင့်တက်ခဲ့သည်။

အရောင်းအဝယ်ပမာဏအနေဖြင့် ဖေဖော်ဝါရီလ ဒုတိယပတ်တွင် နှမ်းနက်စမုံ စုစုပေါင်းတင်းရေ ၁၀၈၀ တင်း၊ တန်ချိန် ၂၆ ဒသမ ၄၅ တန်ခန့် အရောင်းအဝယ်ရှိခဲ့ကြောင်း သိရသည်။

**နှမ်းနီ**

နှမ်းနီ၏ ဈေးနှုန်းဈေးကွက်အခြေအနေမှာ အများအားဖြင့် အောင်လံမြို့အတွင်းရှိ ဆီကြိတ်ခွဲစက်ရုံများမှ ဝယ်ယူလျက်ရှိပြီး ယခင်ဖေဖော်ဝါရီလ ပထမပတ်မှ ဒုတိယပတ်အထိ ၁ တင်းလျှင် ကျပ် ၁၁၀,၀၀၀ ဈေးနှုန်းရှိခဲ့၍ ဈေးနှုန်းပြောင်းလဲမှုမရှိပဲ အရောင်းအဝယ်ဖြစ်လျက်ရှိရာ ဒုတိယပတ်တွင် တင်းရေ ၂၁၀၀ တင်း၊ တန်ချိန် ၅၁ ဒသမ ၄၄ တန်ခန့် အရောင်းအဝယ်ရှိခဲ့ကြောင်း သိရသည်။

**နှမ်းဖြူ**

နှမ်းဖြူကို သီးနှံအရည်အသွေးအလိုက် ယခင်ဖေဖော်ဝါရီလ ပထမပတ်မှ ဒုတိယပတ်အထိ ၁ တင်းလျှင် အနိမ့်ဈေး ကျပ် ၁၁၁,၅၀၀၊ အမြင့်ဈေး ကျပ် ၁၁၃,၃၀၀ ဈေးနှုန်းဖြင့် ပြောင်းလဲမှုမရှိဘဲ အရောင်းအဝယ်ဖြစ်လျက်ရှိရာ ဒုတိယပတ်တွင် တင်းရေ ၂၇၀ တင်း၊ တန်ချိန် ၆ ဒသမ ၆၁၃ တန်ခန့် အရောင်းအဝယ်ရှိခဲ့ကြောင်း သိရသည်။

အောင်လံကုန်စည်ဒိုင်အနေဖြင့် နှမ်းသီးနှံကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ဒုတိယပတ်တွင် တင်းရေ ၃၄၅၀ တင်း၊ တန်ချိန် ၈၄ ဒသမ ၅ တန်ခန့် အရောင်းအဝယ်ရှိခဲ့ပြီး ရန်ကုန်မြို့နှင့်မန္တလေးမြို့သို့ တင်ပို့ကြောင်း အောင်လံကုန်စည်ဒိုင်မှ သိရသည်။

**Source: DOCA(မကွေး)**

https://www.doca.gov.mm/my/node/31968

## ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၆၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၆၅,၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးက ပြောပြ၍သိရသည်။ ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းက ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၄၂,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၆၂,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက်ဆန်ကွဲများကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူ

အားကောင်းလျက်ရှိကြောင်း သိရသည်။ "ဘိုကလေးမြို့နယ်ကနေ ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချပါတယ်။ ဒီဘက်ကနေ ဆန်ကွဲအိတ်တွေကို ကုန်တင်ကားတွေနဲ့ တင်ပို့ရောင်းချတာများပါတယ်။ ဆန်ကွဲတွေကို ဇန်နဝါရီလရဲ့ ပထမပတ်လောက်ကနေစတင်ပြီး ဝယ်လိုအားက သိသိသာသာတက်ခဲ့တာဖြစ်ပါတယ်။ ဆန်ကွဲတွေကို ပွဲရုံလုပ်ငန်းရှင်တွေက အဆက်မပြတ်တင်ပို့ရောင်းချနေရတာ ဖြစ်ပါတယ်။ အခုလို အခက်အခဲမရှိ အဆင်ပြေပြေ တင်ပို့ရောင်းချနေရလို့ ကုန်သည်တွေ အဆင်ပြေပါတယ်" ဟု ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးက ပြောပြသည်။ ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဆန်ကွဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ကျပ် ၅၅,၅၀၀ ပေါက်ဈေးရှိပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ ဆန်ကွဲများ တင်ပို့ရောင်းချအားကောင်းလာခြင်းကြောင့် စပါးစိုက်ပျိုးသည့် တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေးကုန်သည်များ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

https://myantrade.gov.mm/article/naypyitaw_19022025_1026

## ဒေါ်လာဈေးတက်လာတာနှင့်အတူ ပို့ကုန်ပဲများ အတက်ဈေးဖြစ်လာ



မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ဒေါ်လာဈေးတက်လာတာနှင့်အတူ ပို့ကုန်ပဲများ အတက်ဈေးဖြစ်လာကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။ ပို့ကုန်ပဲစင်းငုံမှာ ဈေးကျဆင်းမှု ရပ်သွားပြီးနောက် ဒေါ်လာဈေး အတက်ပြလာတာနှင့် သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၂၈၆,၀၀၀ ပေါက်ဈေးသို့ မန္တလေးပဲဈေးကွက် အဖိတ်နေ့တွင်ဖြစ်လာသည်။

မန္တလေးဈေးကွက်တွင် နယ်စုံမှ ကုလားပဲသစ်များ ပဲမာလိုင်းများ အသစ်ဝင်ရောက်မှုရှိလာသော်လည်း ပြည်တွင်းဝယ်လက်သာ ဝယ်ယူတာမျိုးဖြစ်သောကြောင့် ဈေးတည်ငြိမ်နေကြောင်း၊ ပို့ကုန်ပဲစင်းငုံ ပေါက်ဈေးမှာ ဒေါ်လာဈေးကြောင့် အတက် ဈေးဖြစ်လာကြောင်း၊ ပြည်တွင်းသုံးကုလားပဲနှင့်ပဲမာလိုင်းများမှာ အသစ်များ ဝင်ရောက်ချိန် ဈေးကျဆင်းနေခြင်းဖြစ်သော်လည်း လက်ရှိပေါက်ဈေးများထက် ကျဆင်းစရာမရှိကြောင်း ရွှေစင်သိန်းပွဲရုံပိုင်ရှင် ဦးကျော်သွင်က ပြောသည်။

"ပို့ကုန်ပဲတွေ ဒေါ်လာဈေးတက်လာတော့ အတက်ဈေးဖြစ်လာပါတယ်။ ဒီတစ်ပတ် ပဲဈေးကွက် အပိတ်နေ့မှာ ပဲစင်းငုံ တစ်အိတ် ကျပ် ၂၈၆,၀၀၀ ပေါက်ဈေးဖြစ်လာပါတယ်။ မတ်ပဲဈေးက အတက်ဈေး မရှိသေးပါဘူး။ ပဲမာလိုင်းအသစ်တွေကတော့ နယ်စုံကနေ ဝင်ရောက်နေပေမဲ့ ဈေးကောင်းတော့ မရရှိသေးပါဘူး။ ပဲထောပတ်နဲ့ကျွန်းစားတော်ပဲတွေသာ တစ်အိတ် ကျပ် ၃၆၀,၀၀၀ ကျော် ဈေးရနေတာပါ။ ကျန်ပဲတွေကတော့ ကျပ် ၂၀၀,၀၀၀ ကျော်သာ ပေါက်ဈေးရှိနေတာပါ။ ပြည်တွင်းသုံးပဲတွေက အသစ်ဝင်ချိန် ဈေးကျဆင်းလေ့ရှိပေမဲ့ လက်ရှိပေါက်ဈေးတွေထက်တော့ ကျဆင်းစရာမရှိတော့ပါဘူး။ ပြည်တွင်းသုံး ကုလားပဲတွေလည်း ဈေးကွက်ထဲဝင်ရောက်လာပါပြီ"ဟု ၎င်းကပြောသည်။

ဖေဖော်ဝါရီ ၁၉ ရက်တွင် ပို့ကုန်မတ်ပဲ(အသစ်)တစ်အိတ်လျှင် ကျပ် ၂၇၅,၀၀၀၊ ပဲစင်းငုံမှာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ်၂၈၆,၀၀၀ ခန့် ပေါက်ဈေးရှိနေသည်။ ပဲတီစိမ်း(အညာ) တစ်အိတ်လျှင် ကျပ် ၂၇၅,၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုအားလုံး တစ်အိတ်လျှင် ကျပ် ၂၃၀,၀၀၀-၂၄၀,၀၀၀၊ အသစ်ဝင် ပဲမာလိုင်းများမှာ ပဲလွန်းဖြူပိဿာ ၆၀ တစ်အိတ်လျှင် ကျပ် ၂၃၅,၀၀၀၊ ပဲလွန်းပြာ ပိဿာ ၆၀ တစ်အိတ်လျှင် ကျပ် ၂၀၅,၀၀၀၊ ပဲကြီးတစ်အိတ်လျှင် ကျပ် ၂၉၀,၀၀၀၊ ပဲထောပတ် တစ်အိတ်လျှင် ကျပ် ၃၆၀,၀၀၀၊ စားတော်ပဲ (ကနေဒါ) တစ်အိတ်လျှင် ကျပ် ၃၂၀,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ကျပ် ၃၆၅,၀၀၀၊ မြေပဲလုံးဆန် တစ်ပိဿာလျှင် ကျပ် ၉၂၀၀-၉၃၀၀ ပေါက်ဈေး ရှိနေသည်။

မန္တလေးဈေးကွက်တွင် ပြောင်းဖူး(ဗမာ) ၅၄ ပိဿာ တစ်အိတ်လျှင် ကျပ် ၈၂,၀၀၀၊ ပြောင်းဖူး(ရှမ်း) ၅၄ ပိဿာ တစ်အိတ်လျှင် ကျပ် ၈၅,၀၀၀၊ ပြောင်းဖူး(CP) ၅၄ ပိဿာ တစ်အိတ်လျှင် ကျပ် ၈၄,၀၀၀၊ အထွက်တိုးပြောင်း(နီ) ၅၃ ပိဿာ တစ်အိတ်လျှင် ကျပ် ၈၃,၀၀၀ အသီးသီးပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံဈေးကွက်မှာ ဖေဖော်ဝါရီ ၁၉ ရက်တွင် နှမ်းနက်(စမုန်)ထိပ်စ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၇၃၀,၀၀၀-၇၃၅,၀၀၀၊ အက်စစ်မလွတ် သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၆၉၀,၀၀၀၊ ဆောင်းနှမ်းအသစ်များ ဝင်ရောက်လျက်ရှိရာ ဆောင်းနှမ်းနက် တစ်အိတ်လျှင် ကျပ် ၅၃၅,၀၀၀-၅၄၅,၀၀၀ ဈေးကွက်အတွင်း နှမ်းမျိုးစုံ ဝင်ရောက်မှုနည်းပါးသွားကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## အမေရိကန်နိုင်ငံအပေါ် သွင်းကုန်ခွန်များ ကောက်ခံလျက်ရှိသည့်နိုင်ငံများမှ ကုန်စည်များအား တန်ပြန်အပြန်အလှန်သွင်းကုန်ခွန် ကောက်ခံမည်ဟု အမေရိကန်သမ္မတက ကြေညာပြီးနောက်ပိုင်း ဈေးနှုန်းများ မြင့်တက်ခဲ့

အမေရိကန်နိုင်ငံအပေါ် သွင်းကုန်ခွန်များ ကောက်ခံလျက်ရှိသည့်နိုင်ငံများမှ ကုန်စည်များအား တန်ပြန်အဖြစ် အပြန်အလှန်သွင်းကုန်ခွန်ကောက်ခံမည်ဟု အမေရိကန်သမ္မတက ကြေညာပြီးနောက်ပိုင်း ဈေးနှုန်းများမြင့်တက်ခဲ့ကြောင်း သတင်းဖော်ပြချက်များအရ သိရသည်။

သမ္မတဒေါ်နယ်ထရမ့် ဦးဆောင်သည့် ရီပတ်ဘလစ်ကင်အစိုးရသည် အမေရိကန်နှင့်နိုင်ငံခြား ကုန်ထုတ်လုပ်သူများအတွက် တန်းတူညီမျှဖြစ်စေရန်ရည်ရွယ်လျက် သွင်းကုန်ခွန်အသစ်တစ်ရပ်ကို ချမှတ်ခဲ့သော်လည်း လက်ရှိအမေရိကန်နိုင်ငံ၏ ဥပဒေများအရ သွင်းကုန်ခွန်ကို အမေရိကန်စားသုံးသူများနှင့်စီးပွားရေးလုပ်ငန်းများက တိုက်ရိုက် သို့မဟုတ် တစ်ဆင့်ခံ ကျခံရနိုင်ကြောင်း၊ အမေရိကန်သမ္မတ၏ တန်ပြန်အဖြစ် အပြန်အလှန်ကောက်ခံမည့် သွင်းကုန်ခွန်နှင့်ပတ်သက်သည့် ကြေညာချက်မထုတ်ပြန်မီအချိန်မှစ၍ အိမ်သုံးကုန်ပစ္စည်း အများအပြား၏ ဈေးနှုန်းမြင့်တက်နေခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတက ၎င်းထုတ်ပြန်ချက်ကို လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ခြင်းသည် အမေရိကန်အလုပ်သမားများနှင့် စီးပွားရေးလုပ်ငန်းများ၏ နိုင်ငံခြားဈေးကွက်များတွင် ကြုံတွေ့ရသည့် မျှတမှုမရှိသော အလေ့အထများနှင့် အကန့်အသတ်ဖြင့်သာ ဈေးကွက်ထိုးဖောက်နိုင်ခြင်းတို့နှင့်ပတ်သက်၍ အလေးထားဆောင်ရွက်လိုခြင်းဖြစ်ပြီး ယင်းကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်နိုင်ငံ၏ ကုန်သွယ်မှုလိုငွေကိုလျှော့ချရန်နှင့် ကုန်သွယ်ဖက်နိုင်ငံများနှင့် ကုန်သွယ်ရာတွင် မျှတမှုမရှိသော ဘက်မျှမှုမရှိသော ကုန်သွယ်မှုများကို ဖော်ထုတ်သွားမည်ဖြစ်ကြောင်း၊ ထုတ်ပြန်ချက်ကြောင့် ကာလတိုတွင် အနှောင့်အယှက်များ ရှိနိုင်သော်လည်း ရေရှည်တွင် အမေရိကန်နိုင်ငံကို ကြီးပွားတိုးတက်စေနိုင်သည်ဟု သမ္မတကပြောကြားခဲ့ကြောင်း၊ အလုပ်အကိုင်များ တိုးတက်လာနိုင်ပြီး ဈေးနှုန်းများ ကာလတိုတွင်မြင့်တက်နိုင်သော်လည်း ပြန်လည်ကျဆင်းလာမည်ဖြစ်ကြောင်းနှင့် ငွေကြေးဖောင်းပွမှုနှင့်သွင်းကုန်ခွန်သည် အတူယှဉ်တွဲလျက် ကျဆင်းသွားမည်ဟု သမ္မတက ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၏ စီးပွားရေးသည် ပွင့်လင်းပြီး ပျမ်းမျှသွင်းကုန်ခွန် ကောက်ခံမှုနှုန်းသည် ကမ္ဘာ့အဆင့်အနည်းဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံနှင့်အလားတူ ပွင့်လင်းသည့် စီးပွားရေးစနစ်နှင့်နိုင်ငံရေးစနစ်တို့ကို ကျင့်သုံးသည့် နိုင်ငံများနှင့်ယှဉ်ပါက အမေရိကန်နိုင်ငံ၏ ကုန်သွယ်ရေးဆိုင်ရာအတားအဆီးများ ချမှတ်ထားခြင်းသည် အနည်းငယ်သာရှိကြောင်း၊ မိတ်ဖက်နှင့် ရန်ဖက်နိုင်ငံများမှ မျှတမှုမရှိစွာဆက်ဆံခြင်းကို အမေရိကန်နိုင်ငံသည် နှစ်ပေါင်းများစွာကြာ ခံစားခဲ့ရကြောင်း၊ တန်ပြန်အဖြစ် အပြန်အလှန်သွင်းကုန်ခွန် ကောက်ခံခြင်းမပြုခဲ့ခြင်းကြောင့် အမေရိကန်နိုင်ငံ၏ ကုန်သွယ်မှုလိုငွေသည် နှစ်စဉ်မြင့်တက်ခဲ့ကြောင်း၊ ပွင့်လင်းသည့်စီးပွားရေးစနစ်ကြောင့် အမေရိကန်နိုင်ငံသို့ သွင်းကုန်အများအပြား ဝင်ရောက်ခဲ့သော်လည်း နိုင်ငံခြားဈေးကွက်များ၏ တံခါးပိတ်စနစ်ကြောင့် အမေရိကန် ပို့ကုန်များ ကျဆင်းခဲ့ကြောင်း၊ ထို့ကြောင့် အမေရိကန်အစိုးရသည် ကုန်သွယ်ဖက်နိုင်ငံများနှင့် အပြန်အလှန်သွင်းကုန်ခွန်ကောက်ခံနိုင်မည့် အစီအမံများကို တန်ပြန်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်သမ္မတသည် အမေရိကန်နိုင်ငံ၏ ကုန်သွယ်မှုလိုငွေပြမှုကြောင့် အဓိက ကုန်သွယ်ဖက်နိုင်ငံများဖြစ်သည့် ကနေဒါ၊ မက္ကဆီကိုနှင့်တရုတ်နိုင်ငံတို့အပေါ် ရွှေ့ပြောင်းဝင်ရောက်မှုနှင့် မူးယစ်ဆေးဝါးတရားမဝင် ဝင်ရောက်မှုကို အကြောင်းပြလျက် သွင်းကုန်ခွန်စည်းကြပ်မှုများကို ၁-၂-၂၀၂၅ ရက်တွင် ချမှတ်ခဲ့ပြီးနောက် အမေရိကန်နိုင်ငံသို့ တင်သွင်းလျက်ရှိသည့် သံမဏိနှင့်အလူမီနီယံ ထုတ်ကုန်များအားလုံးကိုပါ သွင်းကုန်ခွန်ကောက်ခံရန် အမိန့်ထုတ်ပြန်ခဲ့သည်။

အမေရိကန်သမ္မတသည် သွင်းကုန်ခွန်ကို ၎င်း၏ နိုင်ငံရေး၊ စီးပွားရေး ရည်မှန်းချက်များ အောင်မြင်စေရန် နည်းလမ်းတစ်ခုအဖြစ် အသုံးပြုလျက်ရှိပြီး သွင်းကုန်များဝင်ရောက်ခြင်းကြောင့် အမေရိကန်အလုပ်သမားများနှင့် စီးပွားရေးလုပ်ငန်းများကို ထိခိုက်စေသည်ဟုယူဆကာ အမေရိကန်နိုင်ငံ၏ ကုန်သွယ်မှုလိုငွေပြလျက်ရှိသော ကုန်သွယ်ဖက်နိုင်ငံများအပေါ် ကုန်သွယ်မှုသဘောတူစာချုပ်များသုံးသပ်ခြင်းနှင့် ပြင်ဆင်ချုပ်ဆိုခြင်းများ ဆောင်ရွက်လာနိုင်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**Source: စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ။**

https://myantrade.gov.mm/article/npt-1822025417

## အိန္ဒိယနိုင်ငံတွင် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိကာလအတွင်း သဘာဝရော်ဘာ၊ လက်ဖက်ခြောက်၊ ကော်ဖီ၊ ဖာလာစေ့ (အသေး) ၏ ဈေးနှုန်းများမြင့်တက်

အိန္ဒိယနိုင်ငံတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိကာလအတွင်း သဘာဝရော်ဘာ၊ လက်ဖက်ခြောက်၊ ကော်ဖီ၊ ဖာလာစေ့ (အသေး) ၏ ဈေးနှုန်းများသည် ယခင်နှစ် ကာလတူကထက် မြင့်တက်လာကြောင်း အစိုးရတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း The Hindu Businessline သတင်းဌာနမှ ယခုလ ၁၂ ရက်က ဖော်ပြသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိကာလအတွင်း Kerala ပြည်နယ်၊ Kottayam ခရိုင်တွင် RSS 4 ရော်ဘာမှိုင်းခံပြား၏ ပျမ်းမျှဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ရူပီး ၂၀၂ ဒသမ ၀၄ ဖြစ်ပြီး၊ ယခင်နှစ်ကာလတူက ရူပီး ၁၅၁ ဒသမ ၈၈ သာရှိ၍ ၃၃ ဒသမ ၀၃ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။ လက်ဖက်ခြောက်၊ ကော်ဖီ၊ ဖာလာစေ့ (အသေး) ၏ ဈေးနှုန်းများလည်း အလားတူမြင့်တက်ခဲ့ကြောင်း အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Jitin Prasada မှ လွှတ်တော်အစည်းအဝေးတစ်ခုတွင် ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါကာလအတွင်း Kerala ပြည်နယ်၊ Kochi မြို့တွင် လက်ဖက်ခြောက်၏ ပျမ်းမျှ လေလံဈေးနှုန်းမှာ ၁၈ ဒသမ ၁၇ ရာခိုင်နှုန်းမြင့်တက်ပြီး၊ ဖာလာစေ့ (အသေး) ၏ ပျမ်းမျှ လေလံဈေးနှုန်းမှာ ၄၉ ဒသမ ၄၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။ အလားတူ အခြောက်ခံထားခြင်း မရှိသေးသည့် အာရေဗီကားကော်ဖီသီး၏ ပျမ်းမျှ (စိုက်ခင်းအရောက်) ဈေးနှုန်းမှာ ၃၂ ဒသမ ၅၄ ရာခိုင်နှုန်းနှင့် ရိုဗက်စတာကော်ဖီသီး၏ ပျမ်းမျှ (စိုက်ခင်းအရောက်) ဈေးနှုန်း မှာ ၅၅ ဒသမ ၉၉ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ကြောင်း ၎င်းမှ ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် နနွင်းကို အများဆုံး ထုတ်လုပ်တင်ပို့လျက်ရှိသည့် နိုင်ငံတစ်ခုဖြစ်ပြီး၊ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် နနွင်းတန်ချိန် ၁ ဒသမ ၆၂ သိန်း၊ တန်ဖိုး ကန်ဒေါ်လာ ၂၂၆ ဒသမ ၅၈ သန်း တင်ပို့ရောင်းချခဲ့ကာ ကမ္ဘာ့ နနွင်းတင်ပို့မှု၏ ၆၅ ရာခိုင်နှုန်းခန့်ရှိကြောင်း ဒုတိယဝန်ကြီးမှ ပြောကြားခဲ့သည်။ အိန္ဒိယမှ တင်ပို့လိုက်သည့် နနွင်းအားလုံး၏ ၉၉ ဒသမ ၉၅ ရာခိုင်နှုန်းကို လက်ခံခွင့်ပြုပြီး၊ ၀ ဒသမ ၀၅ ရာခိုင်နှုန်းခန့်သာ ငြင်းပယ်ခံရတာမျိုးရှိကြောင်း ၎င်းမှ ဆက်လက်ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်က နနွင်းကို ဟက်တာ ၂ ဒသမ ၉၃ သိန်း စိုက်ပျိုးခဲ့ပြီး၊ တန်ချိန် ၁၀ ဒသမ ၉၃ သိန်းကျော် ထွက်ရှိခဲ့ကြောင်းသိရသည်။ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှဒီဇင်ဘာလအထိကာလအတွင်း Tamil Nadu ပြည်နယ် Erode ခရိုင်နှင့် Telangana ပြည်နယ် Nizamabad ခရိုင်တို့ရှိ အဓိကဈေးကွက်များတွင် နနွင်းဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ရူပီး ၁၃၆ ဒသမ ၁၉ နှင့် ရူပီး ၁၂၁ ဒသမ ၃၄ အသီးသီးရှိကြောင်း သိရသည်။ ယခင်နှစ်ကာလတူက နနွင်းဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ရူပီး ၈၃ ဒသမ ၆၀ နှင့် ရူပီး ၈၈ ဒသမ ၄၄ အသီးသီးရှိ၍ Erode ဈေးကွက်တွင် ၆၂ ဒသမ ၉ ရာခိုင်နှုန်းနှင့် Nizamabad ဈေးကွက်တွင် ၃၇ ဒသမ ၂ ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လွှတ်တော်အစည်းအဝေးတွင် သဘာဝရော်ဘာတင်သွင်းမှုအပေါ် စုပုံရှင်းရောင်းချမှု ကာကွယ်သည့်အခွန် (Anti-dumping duty) လတ်တလော ကောက်ခံခြင်းမရှိသည့်အခြေအနေ၊ ကြက်သွန်နီတောင်သူများအတွက် အစိုးရမှ ကူညီထောက်ပံ့မည့် အစီအစဉ်နှင့် ပင်လယ်ရေညှိ (Seaweed) ထုတ်လုပ်မှုအခြေအနေများနှင့်စပ်လျဉ်းသည့် မေးမြန်းချက်များကို သက်ဆိုင်ရာ တာဝန်ရှိသူများ ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**Source: The Hindu Businessline, Govt: Rubber, tea, coffee, cardamom prices up in Apr-Dec 2024-25, February 12, 2025.**

**စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့။**

https://myantrade.gov.mm/article/npt-1822025355

## သမ္မတထရမ့်၏ အကောက်ခွန်နှုန်းကြောင့် အမေရိကန် စိုက်ပျိုးရေးပို့ကုန်များအပေါ် စိန်ခေါ်မှုများဖြစ်

တရုတ်နှင့်မက္ကဆီကို သွင်းကုန်များအပေါ် အမေရိကန်က အခွန်နှုန်းတိုးမြှင့်လိုက်ခြင်းကြောင့် အဆိုပါနိုင်ငံများသို့ အမေရိကန် ပြောင်းနှင့်ပဲပုပ်တင်ပို့မှုတွင် အခက်အခဲရှိနိုင်ကြောင်း၊ အမေရိကန် စိုက်ပျိုးရေးဝန်ကြီးဌာန (USDA) ၏ အချက်အလက်များအရ ၂၀၁၉ ခုနှစ်မှစ၍ စုစုပေါင်း ပြောင်းတင်ပို့မှု၏ ၄၈ ရာခိုင်နှုန်းနှင့် စုစုပေါင်း ပဲပုပ်တင်ပို့မှု၏ ၆၁ ရာခိုင်နှုန်းကို အဆိုပါနိုင်ငံများသို့ တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သမ္မတထရမ့်က မက္ကဆီကိုမှ သွင်းကုန်များအပေါ် အခွန် ၂၅ ရာခိုင်နှုန်းနှင့် တရုတ်သွင်းကုန်များအပေါ် ထပ်တိုးအခွန် ၁၀ ရာခိုင်နှုန်း ချမှတ်ရန်စီစဉ်ခြင်းသည် တန်ပြန်အကောက်ခွန်နှုန်းများကြောင့် အမေရိကန် စိုက်ပျိုးရေးဈေးကွက်အတွက် ကြီးမားသောစိန်ခေါ်မှုများ ဖြစ်ပေါ်စေနိုင်သလို ကုန်စည်စီးဆင်းမှုတွင် အခက်အခဲများဖြစ်လာနိုင်ကြောင်း၊ ထရမ့်၏ ပထမသမ္မတသက်တမ်းတွင် တရုတ်နိုင်ငံအပေါ် အကောက်ခွန်တိုးမြှင့်ခဲ့ခြင်းက အမေရိကန် လယ်ယာပို့ကုန်အပေါ်တွင်လည်း အခွန်ပြန်လည်မြှင့်တင်မှုကြောင့် ကုန်သွယ်မှုသိသိသာသာလျော့ကျခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်အတွင်း တရုတ်နိုင်ငံသို့ အမေရိကန်၏ ပြောင်းနှင့်ပဲပုပ်တင်ပို့မှုသည် ယခင်နှစ်ထက် ၇၄ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း USDA အချက်အလက်များအရ သိရသည်။

အမေရိကန်၏ ၂၀၂၄ ခုနှစ် ထွက်ကုန် ပြောင်းနှင့်ပဲပုပ်များအား ထရမ့်သက်တမ်းမတိုင်မီ ပုံမှန်ထက် ပိုမိုတင်ပို့ခဲ့ကြသဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဇန်နဝါရီလ ၂၃ ရက်အထိ အမေရိကန်၏ ပြောင်းတင်ပို့မှုသည် ယခင်နှစ်ကထက် ၂၉ ရာခိုင်နှုန်း တိုးတက်ခဲ့ကာ တန်ချိန် ၂၀ **သန်း** ၃ သန်း ရှိခဲ့ကြောင်း၊ ပဲပုပ်တင်ပို့မှုတွင်လည်း ယခင်နှစ်ထက် ၂၁ ရာခိုင်နှုန်း တိုးတက်ခဲ့ကာ တန်ချိန် ၃၃ သန်းအထိ ရောက်ရှိခဲ့ကြောင်း၊ ဇန်နဝါရီလ ၂၃ ရက်အထိ တရုတ်နိုင်ငံမှ ဝယ်ယူခဲ့သော အမေရိကန်ပဲပုပ် တန်ချိန် ၂ **သန်း** ၄ သန်း၊ မက္ကဆီကိုထံသို့ အမေရိကန် ပဲပုပ် ၁ **သန်း** ၃ သန်းနှင့် အမေရိကန်ပြောင်းဖူး ၇ **သန်း** ၉ သန်း သင်္ဘောတင်ရန်ကျန်သေးကြောင်း၊ အဆိုပါဝယ်ယူမှုများကို အခွန်စည်းကြပ်မှုများကြောင့် ပယ်ဖျက်ခြင်း သို့မဟုတ် ပမာဏလျော့ချခြင်းများ ရှိနိုင်ကြောင်း၊ အမေရိကန်သည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြောင်းတန်ချိန် ၆၂ **သန်း** ၂ သန်းနှင့် ပဲပုပ်တန်ချိန် ၄၉ **သန်း** ၇ သန်းတင်ပို့ရန် USDA က ခန့်မှန်းထားကြောင်း၊ သို့ဖြစ်ရာ အမေရိကန်အနေဖြင့် ပြောင်းတန်ချိန် ၂၂ **သန်း** ၄ သန်းနှင့် ပဲပုပ်တန်ချိန် ၉ **သန်း** ၇ သန်း ထပ်မံတင်ပို့ရန်လိုအပ်သေးကြောင်း ဈေးကွက်သတင်းခန့်မှန်းချက်များအရ သိရသည်။

**ရင်းမြစ်။** www.argusmedia.com/en/news-and-insights/latest-market

https://commerce.gov.mm/my/article/update-news-international-trade/32153

# STOCK EXCHANGE (20.2.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 20th Feb. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,185 (Shares) | 20,941,400 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,400 | -100 | -1.33% | 7,400 | 7,400 | 7,400 | 1,574 | 11,647,600 | 33,109,694 | 245,012 |
| MTSH | 00002 | 3,000 | +50 | +1.69% | 2,900 | 3,000 | 2,900 | 2,365 | 6,962,000 | 38,929,150 | 116,788 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 1,800 | -50 | -2.70% | 1,800 | 1,850 | 1,800 | 132 | 243,600 | 29,664,613 | 53,396 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 0 | 0 | 12,823,224 | 38,470 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,600 | 1,650 | 1,600 | 985 | 1,598,750 | 19,977,223 | 32,962 |
| AMATA | 00007 | 4,000 | +0 | +0.00% | 3,950 | 4,000 | 3,950 | 102 | 403,000 | 10,497,598 | 41,990 |
| MAEX | 00008 | 3,250 | +50 | +1.56% | 3,200 | 3,250 | 3,200 | 27 | 86,450 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 20th Feb. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 364.84 | -0.88 | -0.24% | 361.34 | 364.84 | 361.34 | 5,185 | 20,941,400 | 8 | 688,152 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 20th Feb. 2025

| Trading Volume | Trading Value |
|---|---|
| 5,185 (Shares) | 20,941,400 (MMK) |

## Main Board

As of 1:00 pm, 20th Feb. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,185 (Shares) | 20,941,400 (MMK) |

| MYANPIX | 364.84 ▼ 0.88 |
|---|---|
| Total Volume (shares) | 5,185 |
| Total Value (MMK) | 21 mil |
| Listed Company | 8 |
| Market Cap. (MMK) | 688,152 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,400 | ▼ 100 |
| MTSH | 00002 | 3,000 | ▲ 50 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 1,800 | ▼ 50 |
| TMH | 00005 | 3,000 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 3,250 | ▲ 50 |